# Highlights from DVB Debate's Land Grabbing Show

## December 26, 2015

## "What's the Impact of Land Grabbing?"

"ရပ်မိရပ်ဖ၊ စိုက်ပျိုးရေးပညာရှင်တွေနဲ့ ကော်မတီကလူတွေ တွေ့ဆုံပြီး သိမ်းဆည်းတဲ့ လယ်ယာမြေ လျော်ကြေးငွေတွေကို ပေါက်ဈေးအတိုင်း တွက်ချက်လုပ်ကိုင်နေပေးနေတာတွေလည်း ရှိပါတယ်"

ဦးခင်မောင်ချို - ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး

---

"ထားဝယ်အထူးစီးပွားရေးဇုန်ကြောင့် ဒေသခံတွေအတွက် လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာပြီ သူတို့ကျေနပ်နေကြတယ်၊ ပျော်နေကြတယ်"

ဦးခင်မောင်ချို - ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး

"လမ်း၊ တံတားတွေဖောက်ပေးရတယ်ဆိုတာကို နိုင်ငံတကာမှာ အစိုးရတွေက ထည့်ကိုမပြောဘူး။ ဒါအစိုးရက လုပ်ပေးရမယ့် တာဝန်တခု။ စီမံကိန်းကြောင့် လမ်း၊ တံတားတွေခင်းပေးလို့ ဒေသခံတွေ ဖွံ့ဖြိုးလာတယ် စီမံကိန်းကို လက်ခံလာပြီလို့ ပြောလို့မရဘူး"

ဦးသန့်ဇင် - ထားဝယ်ဖွံ့ဖြိုးရေးအသင်း ဒါရိုက်တာ

---

"ကျနော့်ခြံမှာ မကျူးကျော်ရလို့ စာကပ်ထားတယ်၊ ကုမ္ပဏီကလူတွေက စာပဲမဖတ်တတ်လို့လားမသိ စက်နဲ့ဝင်ထိုးတယ်။ ကျနော်ကတော့ ကိုယ့်မြေမှာပဲ တသက်တာ လုပ်ကိုင်စားသောက်သွားမယ်"

ဦးထွန်းလွင် - ထားဝယ်ဒေသခံ

---

"ကျနော်တို့ authority center ရှိတယ် ဒေသခံတွေ မေးချင်သမျှလာမေးပါ အကုန်ဖြေပေးနေတယ်။ ရွာသားတွေရဲ့ အခြေအနေတွေကိုလဲ အမြဲထိတွေ့နေပါတယ်"

ဦးခင်မောင်ချို - ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး

---

"ထားဝယ်စီးပွားရေးဇုန်နဲ့ပတ်သက်တဲ့ ဝက်ဘ်ဆိုဒ်၊ ဖေ့ဘွတ်တွေ ကျမ ခုပဲ ရှာကြည့်လိုက်တယ် မရှိပါဘူး၊ ဒါဟာ ပွင့်လင်းမြင်သာမှုနဲ့ပတ်သက်လို့ မေးစရာပါ။ ကျမတို့က ထိုင်းဘက်ကထုတ်တဲ့ သတင်းတွေပဲ စောင့်နားထောင်နေရတယ်ဆိုတာ မဟုတ်သေးဘူး။ သီလဝါအထူးစီးပွားရေးဇုန်မှာဆို ဝက်ဘ်ဆိုဒ်ရှိတယ်"

Vicky Bowman – ဒါရိုက်တာ (Myanmar Center for Responsible Business)"

---

"ဒေသခံတွေလိုချင်တာမှာ လျော်ကြေးတခုထဲက အဖြေမဟုတ်ဘူး"

ဒေါ်စုစု - ထားဝယ်အမျိုးသမီးသမဂ္ဂ အထွေထွေအတွင်းရေးမှူး

---